# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# (၁၁-၂-၂၀၂၀) (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **၂၀၁၉ Novel Coronavirus (၂၀၁၉-nCoV)ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရန်အတွက် ကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ဖြစ်ပွားလာပါက အထိအခိုက်အသေအပျောက်နည်းပါးစေရန် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ သိမ်းဆည်းခဲ့သည့် အခန်း၊ အဆောက်အအုံများကို မူလပိုင်ရှင်နှင့် ပိုင်ရှင်၏ဆက်ခံသူများက ပြန်လည်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၏ **တံတားဦးမြို့နယ် မြို့လယ်လမ်းမကြီးဖြစ်သော ကျောက်ဆည်-တံတားဦးလမ်းအား ပြုပြင်ဆောင်ရွက်ခဲ့မှုတွင် အရည်အသွေးမပြည့်မီမှုအပေါ် ပြန်လည် ဆောင်ရွက်ပေးမှု အခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဥက္ကာ၊ လဲချား မဲဆန္ဒနယ်၏ **လဲချားမြို့နယ်၊ လွိုင်လင် - ပန်ကေတု-သီပေါလမ်းပေါ်ရှိ မိုင်တိုင်အမှတ် 48.5km နှင့် 49 km အကြားရှိ နမ့်တောင်းတံတားနှင့် မိုင်တိုင်အမှတ် 57 km နှင့် 57.7 km ကြားရှိ ဟိုနားတံတားအား နှစ်လမ်းသွား RC ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်မြို့နယ်နှင့် ထီးလင်းမြို့နယ် အကြားရှိ မောချောင်းကိုဖြတ်၍ ဘေလီ တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **ကျိုက္ခမီမြို့ရှိ ဘောလုံးကွင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်ဖြစ်နေပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်သို့ ပြောင်းလဲပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်တွင် ကျန်ရှိနေသော မုဒုံ(၁)-ပမ္မတီး- ညဲဆာလာဒီ- နမ်ရှယ်ကော့ သဲကျောက်လမ်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်အတွင်း ဖြတ်သန်း ဖောက်လုပ်ထားသော မြိုင်- တောမ- ဂန့်ဂေါလမ်းပိုင်းမှ ထီးလင်းမြို့နယ် အတွင်းရှိ တောမလမ်းပိုင်းအား ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်** စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"**ကို လက်ခံ ရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။